# မြိတ်ဒေသနေ့စဉ်သုံးဝေါဟာရများကို
# အတ္ထဗေဒရှုထောင့်မှလေ့လာချက်

ပါရဂူ(PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မောင်ဝင်းကိုကို

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

“မြိတ်ဒေသနေ့စဉ်သုံးဝေါဟာရများကို အတ္တဗေဒရှုထောင့်မှ လေ့လာချက်”ကျမ်းသည် မြိတ်ဒေသ နေ့စဉ်သုံးစကားကိုအတ္တဗေဒရှုထောင့်မှ လေ့လာတင်ပြထားသော ကျမ်းဖြစ်သည်။ မြန်မာဘာသာ စကား၏ အစုဝင်ဘာသာစကားတစ်ခုဖြစ်သော မြိတ်ဒေသိယစကား၏ အသုံးများ၊ ရှေးသုံးစကားများ သိရှိပြီး မြန်မာဘာသာစကား၏ သွင်ပြင်ကိုလေ့လာရာတွင် အထောက်အပံ့ဖြစ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပေးသော ဒေသိယစကားများကို မပျောက်မပျက် မတိမ်ကောရအောင်ထိန်းသိမ်းစောင့်ရှောက်ရန် ပြုစုသောကျမ်းဖြစ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် မြိတ်မြို့အနီးတဝိုက်တွင်ပြောဆိုနေသော နေ့စဉ်သုံးစကားများကို အတ္တဗေဒရှုထောင့်မှ လေ့လာတင်ပြ ထားခြင်းဖြစ်သည်။ မြိတ်ဒေသ နေ့စဉ်သုံးစကားများတွင် စကားလုံးတို့သည် အဆက်အစပ်ကြောင့် အနက်အဓိပ္ပာယ်အမျိုးမျိုး ပွားပုံ၊ စကားလုံးနှင့် ရုပ်သွင်၊ တင်စားပြောဆိုသော အသုံးအနှုန်းများ၊ ဓလေ့သုံးစကားများကို သိရှိစေနိုင်သည်။ ထို့အပြင် မြိတ်ဒေသိယစကားအတွင်းရှိ “ဂျိုင်း”၊ “ဖတ်တလပ်”၊ “ဘုတ်အုပ်”၊ “ကြက်တွန့်တက်”၊ “သာပူ” စသောရှေးခေတ်သုံး စကားလုံးများကိုလည်း သိရှိစေပါသည်။ ထိုသို့လေ့လာခြင်းဖြင့် မြိတ်ဒေသ လူ့အဖွဲ့အစည်းအတွင်း ဘာသာစကားအသုံး ပြုဆက်သွယ်ပုံကိုလည်းကောင်း၊ ဘာသာစကား၏ သမိုင်းအရင်းအမြစ်ကိုလည်းကောင်း သိနိုင်သော ကြောင့် မြန်မာဘာသာစကား၏ သွင်ပြင်ကိုလည်း အကဲခတ်မိစေသည်။ ထို့ပြင် တိုင်းရင်းသား ဘာသာစကားတို့၏ ဘာသာစကားအသုံးပြုမှုနှင့် မြန်မာဘာသာစကား လေ့လာသူတို့အဖို့လည်း အထောက်အပံ့ဖြစ်စေရန် တင်ပြထားသည်။